**သမတအိမ်တော်၊ ရန်ကုန်မြို့။**

# ၁၉၄၈ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ရွေးကောက်ပွဲ) အက်ဥပဒေ။

**၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၉။**

**၁၃၀၉ ခု၊ တပို့တွဲလဆန်း ၁၃ ရက်။**

**(၁၉၄၈ ခု၊ ဇန္နဝါရီလ ၂၃ ရက်။)**

[ **ပြင်ဆင်: 15.05.1948** ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိ အခန်း ၆ အရ၊ နည်းလမ်းကျနစွာ ဖွဲ့စည်းသောပါလီမန်၏ ပဌမအစည်းအဝေးကို ကျင်းပသည်အချိန်အထိ တိုင်းပြည်ပြုလွှတ်တော်သည်၊ ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်လုံး၏အာဏာအားလုံး၊ တာဝန်ဝတ်တရားအားလုံးနှင့် အခွင့်အရေးအားလုံးတို့ကို သုံးစွဲဆောင်ရွက်ခံစားနိုင်သည် ဖြစ်သောကြောင့်တကြောင်း။

ရံဖန်ရံခါ လစ်လပ်သောအမတ်နေရာများကို ဖြည့်သွင်းရေး၊ ရွေးကောက်ပွဲကျင်းပရာမှသော်၎င်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍သော်၎င်း၊ ဖြစ်ပေါ်လာသောဒိဗ္ဗဟဖြစ်မှု၊ အငြင်းပွါးမှုများကို ဆုံးဖြတ်ရေးတို့အတွက် ပြဋ္ဌာန်းရန်လိုပြီဖြစ်သောကြောင့်တကြောင်း။

ဤအကြောင်းများကြောင့် အောက်ပါအတိုင်းအက်ဥပဒေဖြင့် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၄၈ ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော် (ရွေးကောက်ပွဲ) အက်ဥပဒေ** ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်) နေ့မှစ၍ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ အခြားတရားဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်စေကာမူ၊ တိုင်းပြည်ပြုလွှတ်တော်တွင် ရံဖန်ရံခါလစ်လပ်သောအမတ်နေ ရာများကို ဖြည့်သွင်းခြင်း၊ ရွေးကောက်ပွဲကျင်းပရာမှသော်၎င်း၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍သော်၎င်း ဖြစ်ပေါ်လာသော ဒိဗ္ဗဟဖြစ်မှုများကိုဆုံးဖြတ်ခြင်းတို့နှင့် သက်ဆိုင်သည့် ကိစ္စအားလုံးကိုဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေအာဏာအတည်မဖြစ်မီက သင့်တင့်လျောက်ပတ်၍သုံးစွဲခဲ့သောနည်းနာနှင့်ပြဋ္ဌာန်းချက် များနှင့်အညီ ဆက်လက်၍ဆောင်ရွက်ရမည်။

၂(က)။ ။ ရှမ်းပြည်နယ်၊ ယာယီကောင်စီအမတ် ၂၅ ဦးအနက်၊ စော်ဘွားအမတ်နေရာလစ်လပ်ခဲ့သော်၊ စော်ဘွားများက မိမိတို့ စော်ဘွားများထဲမှ၊ ရွေးကောက်၍ ထည့်သွင်းရမည်။ ကချင် လူမျိုးကိုယ်စား လှယ်အမတ်တဦးဦးနေရာ လစ်လပ်ခဲ့သော်၊ ကချင်လူမျိုးများထဲမှ ယခင်သုံးစွဲခဲ့သော နည်းနာများကို အသုံးပြု၍၊ ကချင်လူမျိုးကိုယ်စားလှယ်ကိုထည့်သွင်းရမည်။ ကိုးကန်းနယ် ကိုယ်စားလှယ် အမတ် နေရာ လစ်လပ်ခဲ့သော်၊ ကိုးကန်းနယ်က ယခင်သုံးစွဲခဲ့သော နည်းနာကိုအသုံးပြု၍၊ အမတ်နေ ရာကို ထည့်သွင်းရမည်။ ကျန်စော်ဘွားမဟုတ်သူ ပုဂ္ဂိုလ်အမတ်များအနက်၊

နေရာလစ်လပ်ခဲ့သော်၊ ကျန်ရှိသော စော်ဘွားမဟုတ်သော အမတ်များက၊ သင့်တော်သည် ထင်သောသူကို ရွေးကောက်ထည့် သွင်းရမည်။

<ပြင်ဆင် 15.05.1948>

၃။ ။ ရုံဖန်ရုံခါလစ်လပ်သော အမတ်နေရာများကို ဖြည့်သွင်းရေး၊ ရွေးကောက်ပွဲကျင်းပရာမှသော်၎င်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍သော်၎င်း၊ ဖြစ်ပေါ်လာသောဒွိဟဖြစ်မှု၊ အငြင်းပွါးမှုများကို ဆုံးဖြတ်ရေးတို့အတွက်၊ ဤအက်ဥပဒေအတည်မဖြစ်မီကပြုခဲ့သော အမှုကိစ္စများနှင့် အရေးယူဆောင်ရွက်ခဲ့သော အမှုကိစ္စများသည်၊ ဤအက်ဥပဒေဖြင့်သော်၎င်း၊ ဤအက်ဥပဒေအရသော်၎င်း၊ အပ်နှင်းသောအာဏာများကို သုံးစွဲရာတွင်ပြုခဲ့သော၊ သို့တည်းမဟုတ် အရေးယူဆောင်ရွက်ခဲ့သော အမှုကိစ္စများဖြစ်သည်ဟု မှတ်ယူရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ။

၁၃၀၉ ခု၊ တပို့တွဲလဆန်း ၁၃ ရက်။

(၁၉၄၈ ခု၊ ဇန္နဝါရီလ ၂၃ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၆၀။]